စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန

ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန

# လယ်ယာမြေ ဥပဒေ ဆိုင်ရာ သိကောင်းစရာများ

ပို့ချသူ


ဦးပံသုကျော်

ဒုတိယညွှန်ကြားရေးမှူး

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (   ) ရက်

နေပြည်တော်

# အခြေခံမြေမျိုးသတ်မှတ်ချက်များ




## မြေအသုံးချမှုပုံစံများ

၁။ ဓာတ်သတ္တုတွင်းနယ်မြေ
၂။ သစ်တောနယ်မြေ
၃။ တောရိုင်း (ကြိုးပြင်တော)
၄။ မြေလွတ်
၅။ မြစ်ချောင်းများ
၆။ ဆည်နှင့်ဆည်မြောင်း
၇။ ကိုင်းကျွန်းမြေ
၈။ ငါးမွေးမြူရေးကန်
၉။ ရေကန်
၁၀။ သာသနာ့မြေ
၁၁။ ရွာမြေ
၁၂။ ဥယျာဉ်ခြံ
၁၃။ ယာမြေ (တောင်စောင်းမတ်ပါက ကုန်းမြင့်တောင်ယာမြေ)
၁၄။ လယ်မြေ
၁၅။ သုသာန်မြေ
၁၆။ မီးရထားလမ်းမြေ
၁၇။ ကားလမ်းမြေ
၁၈။ မြို့ ပြမြေ
၁၉။ စက်ရုံ/ဌာနဆိုင်ရာမြေ
၂၀။ စားကျက်မြေ

# အခြေခံမြေမျိုးသတ်မှတ်ချက်များ

| စဉ် | မြေမျိုး | စီမံခန့်ခွဲလျှက်ရှိ သည့် ဝန်ကြီးဌာန | စီမံခန့်ခွဲနေသည့် ဥပဒေ |
|---|---|---|---|
| က | လယ်ယာမြေဆိုင်ရာ အုပ်စု | | |
| ၁ | လယ်မြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | လယ်ယာမြေ ဥပဒေ |
| ၂ | ယာမြေ | | |
| ၃ | ကိုင်း/ကျွန်းမြေ | | |
| ၄ | ဥယျာဉ် | | |
| ၅ | ဓနိ | | |
| ၆ | တောင်ယာ | | |
| ခ | သစ်တောသစ်ပင် ဖုံးလွှမ်းမြေဆိုင်ရာ အုပ်စု | | |
| ၇ | တောရိုင်း | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန | မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ |
| ၈ | မြေရိုင်း | | |
| ၉ | သစ်တောကြိုးဝိုင်းမြေ | သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန | သစ်တောဥပဒေ |

# အခြေခံမြေမျိုးသတ်မှတ်ချက်များ

| စဉ် | မြေမျိုး | စီမံခန့်ခွဲလျှက်ရှိ သည့် ဝန်ကြီးဌာန | စီမံခန့်ခွဲနေသည့် ဥပဒေ |
|---|---|---|---|
| ဂ | အခြားမြေမျိုးဆိုင်ရာ အုပ်စု | | |
| ၁ဂ | သတ္တုတွင်းမြေ | သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး | မြန်မာ့သတ္တုတွင်း ဥပဒေ |
| ၁၁ | ကျွဲနွားစားကျက်မြေ | ပြည်ထဲရေး | မြေခွန်လက်စွဲ ဥပဒေ |
| ၁၂ | မီးရထားမြေ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | |
| ၁၃ | လမ်းမြေ | ဆောက်လုပ်ရေး | လမ်းမကြီးများ ဥပဒေ |
| ၁၄ | ဆည်မြောင်းကန်၊ တာတမံမြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ဆည်မြောင်း ဥပဒေ |
| ၁၅ | မြစ်ချောင်းနှင့် ရေအောက်မြေ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ |
| ၁၆ | အင်းအိုင်စသည့်မြေ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ရေချိုငါးလုပ်ငန်း ဥပဒေ |

# အခြေခံမြေမျိုးသတ်မှတ်ချက်များ

| စဉ် | မြေမျိုး | စီမံခန့်ခွဲလျှက်ရှိ သည့် ဝန်ကြီးဌာန | စီမံခန့်ခွဲနေသည့် ဥပဒေ |
|---|---|---|---|
| ဂ | အခြားမြေမျိုးဆိုင်ရာ အုပ်စု | | |
| ၁၇ | စက်ရုံမြေ | သက်ဆိုင်ရာ ဝန်ကြီးဌာန | သက်ဆိုင်ရာ<br>မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ |
| ၁၈ | မြို့မြေ | ပြည်ထဲရေး၊ စည်ပင်သာယာရေး<br>ကော်မတီ | မြို့နှင့် ကျေးရွာ မြေများ ဥပဒေ၊<br>စည်ပင်သာယာ ရေးအဖွဲ့ ဥပဒေ |
| ၁၉ | ရွာမြေ | ပြည်ထဲရေး၊ စည်ပင်သာယာရေး<br>ကော်မတီ | မြို့နှင့် ကျေးရွာမြေများ ဥပဒေ၊ |
| ၂၀ | လေယာဉ်ပျံကွင်းမြေ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး | မြန်မာ့ အမျိုးသား လေကြောင်း<br>ဥပဒေ |
| ၂၁ | သာသနာ/သုသာန၊ အခြား<br>အဆောက်အဦးမြေ | ပြည်ထဲရေး၊ စည်ပင်သာယာရေး<br>ကော်မတီ၊ စည်ပင် | သက်ဆိုင်ရာ မြေ<br>စီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေ |
| ၂၂ | အမျိုးအစားခွဲခြားခြင်း မပြုနိုင်သည့်မြေ | ပြည်ထဲရေး | |

# လယ်ယာမြေ အမျိုးအစားများ

- ❖ ပုံစံ- ၇ ရသော မြေအမျိုးအစား

  လယ် မြေ၊ ယာမြေ၊ ကိုင်း/ကျွန်း မြေ၊ ဥယျာဉ်မြေ၊ ဓနိမြေ၊ တောင်ယာမြေ၊

- ❖ ပုံစံ- ၇ မရသော မြေအမျိုးအစား

  မြေနုကျွန်းမြေ နှင့် ရွှေ့ပြောင်း တောင်ယာမြေ


# လယ်ယာမြေ ဥပဒေ

- ❖ လယ်ယာမြေ ဥပဒေ ကို (၃၀.၃.၂၀၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး လယ်ယာမြေ နည်းဥပဒေများကို (၃၁.၈.၂၀၁၂) ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။
- ❖ လယ်ယာမြေ ဥပဒေကို (၃၁.၈.၂၀၁၂) ရက်နေ့တွင် စတင် အာဏာတည်ကြောင်း ကြေညာခဲ့ပါသည်။
- ❖ (၁၉.၂.၂၀၂၀) ရက်နေ့တွင် လယ်ယာမြေ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းခဲ့ပါသည်။
- ❖ လယ်ယာမြေ ဥပဒေဖြင့် အောက်ပါ ဥပဒေများ ရုပ်သိမ်းခဲ့ပါသည်-
  - ➢ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ
  - ➢ ၁၉၆၃ ခုနှစ်၊ သီးစား ချထားရေး ဥပဒေ
  - ➢ ၁၉၆၃ ခုနှစ်၊ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့် ဥပဒေ

# ရည်ရွယ်ချက်

- လယ်ယာမြေဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ တောင်သူလယ်သမားများ မိမိတို့ လက်ဝယ်ထားရှိ လုပ်ကိုင်လျက်ရှိသော လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ သားစဉ်မြေးဆက် ခိုင်မာစွာ ရရှိစေရန်၊
- လယ်ယာမြေလုပ်ပိုင်ခွင့် ခိုင်ခိုင်မာမာရရှိခြင်းဖြင့် မိမိတို့၏ လယ်ယာမြေကို ပိုမိုတန်ဖိုးထား၍ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင် ပိုမိုရင်းနှီးစိုက်ထုတ်ပြီး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင် အားစိုက်ကြိုးပမ်း လုပ်ကိုင်လာနိုင်စေရန်၊
- လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူများနှင့် လယ်ယာမြေနှင့်သက်ဆိုင်သူများအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များကို သိရှိနားလည်ပြီး စနစ်တကျ လိုက်နာဆောင်ရွက်နိုင်စေရန်၊
- လယ်ယာမြေ (စိုက်ပျိုးမြေ) များ ထိခိုက်ဆုံးရှုံးနစ်နာမှုများမဖြစ်စေရေးအတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အချိန်နှင့်တပြေးညီ ကြီးကြပ်ဆောင်ရွက်နိုင်စေရန်၊

# လယ်ယာမြေ ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ



# လယ်ယာမြေ ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

➢ **လယ်ယာမြေဥပဒေ ဥပဒေ ပုဒ်မ ၃ အရ -**

(က) **လယ်ယာမြေ** ဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟု သော်လည်းကောင်း၊ ဟင်းသီး ဟင်းရွက်၊ ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟု သော်လည်းကောင်း၊ မြေနုကျွန်းမြေဟု သော်လည်းကောင်း၊ ရွှေ့ပြောင်းတောင်ယာမြေဟု သော်လည်းကောင်း သတ်မှတ် သည့် မြေများကို ဆိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာ နယ်နိမိတ် အတွင်းရှိ လူနေအိမ်ရာများ၊ ဘာသာရေး အဆောက်အအုံနှင့် ပရဝဏ်များ၊ အများ ပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်။

(ခ) **လယ်မြေ** ဆိုသည်မှာ သဘာဝအရသော်လည်းကောင်း၊ လူတို့ဖန်တီးသော နည်းလမ်း အရသော်လည်းကောင်း စိုက်ပျိုးရေ ရယူပြီး ရေထိန်းသိမ်းနိုင်စေရန် ဆောင်ရွက်ထားသည့် စပါးသီးနှံ အဓိကစိုက်ပျိုးသောမြေကို ဆိုသည်။

(ဂ) **မြေနုကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့ နစ်မြုပ်လေ့ရှိပြီး ရေကြောင်း အနေအထားအရ တည်နေရာ၊ အကျယ်အဝန်း၊ မြေသားနှင့် ပုံသဏ္ဍာန်ပြောင်းလဲတတ်သည့် ခိုင်မြဲမှု မရှိသော မြေကိုဆိုသည်။

# လယ်ယာမြေ ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ


- **လယ်ယာမြေဥပဒေ ဥပဒေ ပုဒ်မ ၃ အရ -**

(ဃ) **ကိုင်းကျွန်းမြေ** ဆိုသည်မှာ ရေအောက်သို့နစ်မြုပ်လေ့ရှိပြီး ရေကြောင်းအနေအထားအရ တည်နေရာ၊ အကျယ်အဝန်း၊ မြေသားနှင့် ပုံသဏ္ဍာန် မပြောင်းလဲသည့် ခိုင်မြဲမှုရှိသော မြေကိုဆိုသည်။

(င) **ရွှေ့ပြောင်းတောင်ယာမြေ** ဆိုသည်မှာ တောင်ကုန်း၊ တောင်စောင်းနှင့် ကုန်းမြင့် ဒေသများတွင် သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်း၍ တစ်နေရာတည်းတွင် အမြဲတမ်း အတည်တကျ စိုက်ပျိုးခြင်းမရှိဘဲ အလှည့်ကျ မြေအနားပေးစနစ်ဖြင့် စိုက်ပျိုးသော မြေကို ဆိုသည်။

(စ) **လယ်ယာမြေလုပ်ပိုင်ခွင့်** ဆိုသည်မှာ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်း ပိုင်ရှင် ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင်အသုံးချခွင့်ပြုခြင်းကိုဆိုသည်။ သို့ရာတွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့်ဓာတ်ငွေ့ စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးချခွင့် မပါဝင်။

# တောင်သူလယ်သမား ဆိုသည်မှာ



# လယ်ယာမြေ ဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

- **လယ်ယာမြေဥပဒေ ဥပဒေ ပုဒ်မ ၃ အရ -**

(ဆ) **တောင်သူလယ်သမား** ဆိုသည်မှာ အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ကိုက်ညီသူကို ဆိုသည်-

(၁) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍ သော် လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းနှစ်ရပ်စလုံးကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် မိမိကိုယ်တိုင် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူ၊

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းကို ဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်၍ လုပ်ကိုင်ခြင်းကိုဖြစ်စေ၊ အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်သူ၊

(၃) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း၊ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ရန်အလို့ငှာ အရင်းအနှီး မတည် စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင် လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း များတွင် ပါဝင် ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေး လုပ်ငန်းများနှင့် ယင်းတို့နှင့် ဆက်နွှယ်လျက် ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍ သော်လည်းကောင်း ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင် ထုတ်လုပ် ရောင်းချသူ။

# လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူများ

အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားသည်

(က) လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိထားသော တောင်သူလယ်သမား အိမ်ထောင်သားစု သို့မဟုတ် အိမ်ထောင်သားစုဝင် ဖြစ်ခြင်း၊

(ခ) လယ်ယာမြေကို လက်ရှိအသုံးပြုခွင့် ရရှိထားသော အိမ်ထောင်သားစု အကြီးအကဲ သို့မဟုတ် အိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦး သို့မဟုတ် အုပ်ထိန်းသူဖြစ်ခြင်း၊

(ဂ) တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သူ တစ်ဦးဦး၏အမည်ဖြင့် ထားရှိသော လယ်ယာမြေအားလုံးကို ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအားလုံးက ပူးတွဲလက်ရှိ အသုံးပြုခွင့်ရရှိထားပါက ယင်းအကျိုးတူ ခံစားခွင့်ရှိသော တောင်သူလယ်သမားအိမ်ထောင်သားစု ဖြစ်ခြင်း၊

(ဃ) လယ်ယာမြေဥပဒေ အာဏာမတည်မီ လယ်ယာမြေနှင့်သက်ဆိုင်သော တည်ဆဲ ဥပဒေ နှင့်အညီ တရားဝင် လက်ရှိလက်ငုတ်လုပ်ကိုင်နေသူ ဖြစ်ခြင်း၊

# လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူများ

(င) လယ်ယာမြေဥပဒေ ပြဋ္ဌာန်းပြီးနောက် ယင်းဥပဒေနှင့်အညီဖြစ်စေ၊ ယင်းဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီဖြစ်စေ တရားဝင်အကျိုးခံစားခွင့်ရှိသူ ဖြစ်ခြင်း၊

(စ) လျှောက်ထားသည့် လယ်ယာမြေတွင် အမှန်တကယ် လုပ်ကိုင်နေသူဖြစ်ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် လယ်နီးချင်းသက်သေ နှစ်ဦးတို့က ထောက်ခံသူဖြစ်ခြင်း၊

(ဆ) ဦးစီးဌာန၏ မှတ်တမ်းများအရ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူ ဖြစ်ကြောင်း အတည်ပြုခံရသူ ဖြစ်ခြင်း၊

(ဇ) လယ်ယာမြေကို အသုံးပြုခွင့်ရရှိနိုင်ရန် အထောက်အထားတင်ပြနိုင်သူ ဖြစ်ခြင်း။

လယ်ယာမြေ နည်းဥပဒေ ၃


# လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်ထားခြင်း

လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။ (ပုဒ်မ-၄)


လယ်ယာမြေကို လက်ရှိအသုံးပြုခွင့်ရရှိထားသောအဖွဲ့အစည်းသည် မိမိ အသုံးပြုခွင့် ရရှိထားသော လယ်ယာမြေ အတွက် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် လယ်ယာမြေ လုပ်ပိုင်ခွင့် လျှောက်လွှာ (ပုံစံ ၁) ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ရယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။ (နည်းဥပဒေ အပိုဒ်- ၄)

မြို့နယ် ဦးစီးဌာန၊ ရပ်ကွက်/ ကျေးရွာအုပ်စု နှင့် မြို့နယ်၊ ခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ အသီးသီး တို့က နည်းဥပဒေ ၆ မှ ၁၄ ထိ ပြဋ္ဌာန်းချက်များနှင့် စိစစ် ဆောင်ရွက် ပေးကြမည် ဖြစ်ပါသည်။

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းလုပ်ငန်းစဉ်



# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းလုပ်ငန်းစဉ်



လယ်ယာမြေပုံစံ ၇
လယ်ယာမြေနည်းဥပဒေ ၁၄(က)

နေပြည်တော်/-------------------တိုင်းဒေသကြီး/ပြည်နယ်

---------------ခရိုင်၊ -------------မြို့နယ်

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်

ရုံးတံဆိပ်

## စည်းကမ်းချက်များ

၁။ မည်သူမဆို လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
၂။ လယ်ယာမြေနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနကစည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
၃။ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
၄။ တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
၅။ စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရကအသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။
၆။ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တရားဝင်ချထားခြင်းမရှိဘဲ ကျူးကျော်လုပ်ကိုင်ခြင်း မပြုရ။
၇။ လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
၈။ လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော ရာသီသီးနှံအမျိုးအစားမှ နှစ်ရှည်ပင်အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။
၉။ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်း မပြုရ။
၁၀။ လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။
၁၁။ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင် ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်။
၁၂။ လယ်ယာမြေလုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်းကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

## လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အကြောင်းအရာ

၁။ ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည်၊ -----------------------------------
၂။ အဘအမည်၊ -----------------------------------
၃။ နိုင်ငံသား/အမျိုးသားစိစစ်ရေးကတ်အမှတ်၊--------------------------
(ကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက
ကုမ္ပဏီ/အဖွဲ့အစည်းမှတ်ပုံတင်အမှတ်)
၄။ နေရပ်လိပ်စာ၊-----------------------------------------------
-----------------------------------------------
-----------------------------------------------

လုံခြုံရေးရောင်ပြန်ပြား
ကပ်ရန်

## လုပ်ပိုင်ခွင့်ပြုသည့် လယ်ယာမြေအကြောင်းအရာ

၁။ မြို့နယ်အမည်၊ ------------------------------
၂။ ရပ်ကွက်/ကျေးရွာအုပ်စုအမည်၊ ------------------------------
၃။ ကွင်း/အကွက်အမှတ်၊ ------------------------------
၄။ ကွင်း/အကွက်အမည်၊ ------------------------------
၅။ ဦးပိုင်လုပ်ကွက်အမှတ်၊ ------------------------------
၆။ မြေမျိုး၊ ------------------------------
၇။ ဧရိယာ(ဧက)၊ ------------------------------
၈။ ခွင့်ပြုသည့်စာအမှတ်၊ ------------------------------
၉။ ခွင့်ပြုသည့်ရက်စွဲ၊ ------------------------------
၁၀။ မှတ်ချက်၊ ------------------------------

လယ်ယာမြေဥပဒေပုဒ်မ ၆၊ ၇ နှင့် ၈ တို့အရ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း မရှိသရွေ့ လုပ်ပိုင်ခွင့်ပြုသည်။
(သက်သေခံမြေပုံပူးတွဲထားပါသည်။)

ရုံးတံဆိပ်

(-----------)
အတွင်းရေးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
-------------------မြို့

---

မြေစာရင်းပုံစံ - ၁၀၅
မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သော လက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

[redacted]

| | |
|---|---|
| တိုင်းဒေသကြီး/ ပြည်နယ် | မွန် |
| ခရိုင် | သထုံ |
| မြို့နယ်/ မြို့နယ်ခွဲ | သထုံ |
| ရပ်ကွက်/ ကျေးရွာအုပ်စု | [illegible] |
| ကွင်း/ အကွက်အမှတ်နှင့်အမည် | [illegible] |
| ဦးပိုင်အမှတ်/ မြေကွက်အမှတ် | ၁၀၃ |

| ဦးပိုင် အမှတ် | အခွန်စည်းကြပ်ခံရသူ/ပိုင်ရှင်/ ဂရန်ရှင်/အငှားဂရန်ရှင် အမည် | ပိုင်ဆိုင်ခွင့် | မြေမျိုးနှင့် အတန်း | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| ၁၀၃ | ဒေါ်မြနုသိန်းကြည် | [illegible] | လယ် | [illegible] | |
| | | | | | |
| | | | | | |
| | | | | | |

ရေးကူးပေးသည့်အကြောင်းအရာ — လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန်
(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်)

လျှောက်ထားသူအမည် - ဒေါ်မြနုသိန်းကြည်
လျှောက်လွှာတင်သည့်နေ့စွဲ -
လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ -

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော ( ၂၀၁၃ -၂၀၁၄ ) ခုနှစ် အတွက် နောက်ဆက်တွဲ တိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

ရုံးတံဆိပ်


အမှုတွဲထိန်း/မြေတိုင်းစာရေးလက်မှတ် -
နေ့စွဲ - အောင်ကိုလတ်
မြေတိုင်း(၄)

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည် -
လက်ထောက်ဦးစီးမှူးလက်မှတ် -
နေ့စွဲ -

ထွန်းကျော်ခိုင်
လက်ထောက်ဦးစီးမှူး
မြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံ

စိစစ်အတည်ပြုပါသည်။
မြို့နယ်မြေစာရင်းဦးစီးဌာနမှူးလက်မှတ် (ကျော်ဇေယျသိုင်း) နေ့စွဲ -

# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ




# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများ

- ❖ လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲ စိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
- ❖ လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
- ❖ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေ နှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ် ခံယူနိုင်ခွင့်၊
- ❖ သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊
- ❖ လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရ အသိအမှတ် ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ နှင့်လည်းကောင်း အကျိုးတူ လုပ်ကိုင်ခွင့်၊
- ❖ လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ အကျိုးတူလုပ်ကိုင်ခွင့်။

**လယ်ယာမြေဥပဒေ ပုဒ်မ ၉**

# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များ



# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များ

- ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
- လယ်ယာမြေ နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သော မြေခွန်နှင့် အခြားအခွန်အခ များကို ပေးဆောင်ရမည်။
- လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် လယ်ယာမြေတန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခ တို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
- တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
- စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့် ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသော ဘဏ်တွင်သာ ပေါင်နှံရမည်။

**လယ်ယာမြေဥပဒေ ပုဒ်မ ၁၂**

# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူလိုက်နာရမည့် စည်းကမ်းချက်များ (အဆက်)

- လယ်ယာမြေကို ခွင့်ပြုမိန့် မရရှိဘဲ အခြားနည်းသုံးစွဲခြင်း မပြုရ။
- လယ်ယာမြေကို ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက် မရှိဘဲ ပြောင်းလဲ စိုက်ပျိုးခြင်း မပြုရ။
- ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်း မပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှတဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်း သည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ် ဆက်တိုက်ထက် မပိုစေရ။
- လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေ လုပ်ပိုင်ခွင့် နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

**လယ်ယာမြေဥပဒေ ပုဒ်မ ၁၂**

# လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူလိုက်နာရမည့် တားမြစ်ချက်များ

**ဥပဒေက ကန့်သတ်ထားသော တားမြစ်ချက်များ** (ပုဒ်မ ၁၃)

လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်သော အမိန့်ကို လိုက်နာရမည်။

**ဥပဒေက ကန့်သတ်ထားသော တားမြစ်ချက်များ** (ပုဒ်မ ၁၄)

မည်သူမဆို လယ်ယာမြေလုပ်ပိုင်ခွင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက် မရရှိဘဲ မည်သည့် နိုင်ငံခြားသား သို့မဟုတ်နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်းကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။

# လယ်ယာမြေ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက အမိန့် ထုတ်ပြန်ဆောင်ရွက်ခြင်း

ဤဥပဒေပုဒ်မ ၁၂ အရ စည်းကမ်းချက် အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက် စေခြင်း၊

(ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊

(ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ် ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်း။

(ပုဒ်မ ၁၉)

# လယ်ယာမြေ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက အရေးယူ ဆောင်ရွက်ခြင်း

- လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေဥပဒေ ပုဒ်မ (၁၉) အရ အရေးယူ ဆောင်ရွက်မှုကို မလိုက်နာပါက လယ်ယာမြေဥပဒေ ပုဒ်မ (၃၅)နှင့် (၃၆) တို့အရ ပြစ်ဒဏ်ချမှတ် အရေးယူနိုင်ရန်အတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည် -

ပုဒ်မ ၂၀ (က) ပုဒ်မ ၁၉ အရ ချမှတ်သည့် အမိန့်ကို လိုက်နာခြင်းမရှိသော မည်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူကိုမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန် ပေးအပ်သော ပုဂ္ဂိုလ်က သော်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

ပုဒ်မ ၃၅။ မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကို ဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုတွင် ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ဖြစ်စေ၊ လိုက်နာရန် ပျက်ကွက် ကြောင်း၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လ မှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်း အထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ပုဒ်မ ၃၆။ ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရသူသည် ယခင်က အလားတူပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံခဲ့ရလျှင် ထပ်မံ ကျူးလွန်သော ပြစ်မှု အတွက် ပုဒ်မ ၃၅ ပါ အများဆုံး ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

# လယ်ယာမြေ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက အရေးယူ ဆောင်ရွက်ခြင်း

❖ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေဥပဒေ ပုဒ်မ (၁၃) အရ အရေးယူ ဆောင်ရွက်မှုကို မလိုက်နာပါက လယ်ယာမြေဥပဒေ ပုဒ်မ (၃၇-က) အရ ပြစ်ဒဏ်ချမှတ် အရေးယူ နိုင်ရန်အတွက် အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပါသည် -

ပုဒ်မ ၂၀ (ခ) ပုဒ်မ ၁၃ အရ ချမှတ်သည့် အမိန့်ကို လိုက်နာခြင်းမရှိသော မည်သူမဆို ယင်းအမိန့်ပါ သတ်မှတ်ရက် ကျော်လွန်ပါက သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ကသော် လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးတွင် ဦးတိုက် လျှောက်ထား တရားစွဲဆိုနိုင်သည်။

ပုဒ်မ ၃၇-က။ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့် မရရှိဘဲ လယ်ယာမြေကို ကျူးကျော် လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သော် လည်းကောင်း၊ အခြားသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သော် လည်းကောင်း ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

# လယ်ယာမြေ တားမြစ်ချက်များကို လိုက်နာရန်ပျက်ကွက်ပါက အရေးယူ ဆောင်ရွက်ခြင်း

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေဥပဒေ ပုဒ်မ (၁၄) အရ တားမြစ်ချက်ကိုမလိုက်နာပါက လယ်ယာမြေဥပဒေ ပုဒ်မ (၃၇) တို့အရ ပြစ်ဒဏ်ချမှတ် အရေးယူနိုင်ရန်အတွက် အောက်ပါအတိုင်း ပြဋ္ဌာန်း ထားရှိပါသည် -

ပုဒ်မ ၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁ဝ သိန်း အောက်မနည်းသည့် ငွေဒဏ်ကိုဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

# လယ်ယာမြေပေါ်တွင် ကျူးကျော်သူ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသူ၊ စည်းကမ်းမလိုက်နာသူများအား အရေးယူဆောင်ရွက်ခြင်း

| စဉ် | လိုက်နာရမည့် စည်းကမ်းချက်များ | တရားလိုပြုလုပ်ရမည့်ပုဂ္ဂိုလ်/ ရည်ညွှန်းဥပဒေပုဒ်မ | ချမှတ်နိုင်သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ပြစ်ဒဏ်များ |
|---|---|---|---|
| ၁။ | လယ်ယာလုပ်ပိုင်ခွင့်ရရှိသူများ လိုက်နာရမည့် စည်းကမ်းချက် (၉)ချက်<br>လယ်ယာမြေဥပဒေပုဒ်မ- ၁၂ | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်ရမည့် အမိန့် (၄)ရပ်<br>လယ်ယာမြေဥပဒေပုဒ်မ- ၁၉<br>မြို့နယ်လယ်/စီအဖွဲ့ → တရားရုံး<br>လယ်ယာမြေဥပဒေပုဒ်မ-၂၀(က) | ထောင်ဒဏ် (၆)လ မှ (၂)နှစ် (သို့) ငွေဒဏ်(သုံးသိန်း) မှ (ငါးသိန်း) (သို့) ဒဏ်နှစ်ရပ်လုံး<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၅<br>ပုဒ်မ ၃၅ ပါ အများဆုံး ပြစ်ဒဏ်<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၆ |
| ၂။ | လယ်ယာမြေနှင့်သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာ လယ်/စီအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့် အညီ ချမှတ်သောအမိန့်ကို လိုက်နာရန်။<br>လယ်ယာမြေဥပဒေပုဒ်မ-၁၃ | မြို့နယ်လယ်/စီအဖွဲ့ → တရားရုံး<br>လယ်ယာမြေဥပဒေပုဒ်မ-၂၀(ခ) | ထောင်ဒဏ် (၆)လ မှ (၂)နှစ် (သို့) ငွေဒဏ်(သုံးသိန်း) မှ (ငါးသိန်း) (သို့) ဒဏ်နှစ်ရပ်လုံး<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၇(က) |
| ၃။ | မည်သည့်နိုင်ငံခြား (သို့) နိုင်ငံခြားသား ပါဝင်သည့် အဖွဲ့အစည်းကိုမျှ ရောင်း/ပေါင်/ ငှား/ လဲ/ပေးခြင်းမပြုရ။<br>လယ်ယာမြေဥပဒေပုဒ်မ-၁၄ | မြို့နယ်လယ်/စီအဖွဲ့ → ရဲတပ်ဖွဲ့<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပိုဒ်ခွဲ(၂၀) | ထောင်ဒဏ် (၁)နှစ် မှ (၃)နှစ် (သို့) ငွေဒဏ်(၁၀သိန်း)အောက်မနည်း (သို့) ဒဏ်နှစ်ရပ်လုံး<br>လယ်ယာမြေဥပဒေပုဒ်မ- ၃၇ |

ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇-က တို့ အရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။ **(ပုဒ်မ-၄၀)**

# လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းကိစ္စရပ်များ

## လယ်ယာမြေ နည်းဥပဒေများပါ ပြဌာန်းချက်များ

၂၄။ (က) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းဖြင့် လွှဲပြောင်းလျှင် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့ရှေ့မှောက်တွင် တံဆိပ်ခေါင်းခွန် ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆို သည့်နေ့မှ ရက်ပေါင်း(၁၂၀)အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

၄၇။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ငှားရမ်းခြင်းပြုလုပ်ရာတွင်-

(က) ငှားရမ်းခြင်းပြုသော လယ်ယာမြေကို စိုက်ပျိုးရေး လုပ်ငန်း အတွက်သာ အသုံးပြုရမည်။

(ခ) ငှားရမ်းသူနှင့် ငှားယူသူတို့သည် လယ်ယာမြေတည်ရှိသည့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန်ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ငှားရမ်းသည့် စာချုပ်ကို ချုပ်ဆိုရမည်။

(ဂ) နည်းဥပဒေခွဲ(ခ) အရ ချုပ်ဆိုသောစာချုပ်၌ ငှားရမ်းသည့် ကာလကို သတ်မှတ် ဖော်ပြရမည်။

(ဃ) နည်းဥပဒေခွဲ(ခ) အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း (၁၂၀) အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

# လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းကိစ္စရပ်များ

## လယ်ယာမြေ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ

၄၈။ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခြင်းပြုရာတွင်-

(က) လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူသည် ယင်း၏ လယ်ယာမြေပေါ်၌ စိုက်ပျိုးထုတ်လုပ်နိုင်ရန် အရင်းအနှီးရရှိရေး အတွက်သာ ပေါင်နှံရမည်။

(ခ) အစိုးရဘဏ် သို့မဟုတ် ဤကိစ္စအလို့ငှာ အစိုးရကသတ်မှတ်သော ဘဏ်တစ်ခုခု၌သာ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသူက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်မူရင်းကို ပေးအပ်၍ ပေါင်နှံရမည်။

(ဂ) ပေါင်နှံသူနှင့် ပေါင်နှံခြင်းကို လက်ခံသည့်ဘဏ်မှ တာဝန်ရှိသူတို့သည် လယ်ယာမြေတည်ရှိသော သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရှေ့မှောက်၌ တံဆိပ်ခေါင်းခွန် ထမ်းဆောင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ပေါင်နှံသည့်စာချုပ်ကို ချုပ်ဆို ရမည်။

(ဃ) နည်းဥပဒေခွဲ(ဂ)အရ ချုပ်ဆိုသောစာချုပ်၌ ရွေးနုတ်ရမည့် ကာလကိုသတ်မှတ်ဖော်ပြရမည်။

(င) နည်းဥပဒေခွဲ(ဂ)အရ ချုပ်ဆိုသောစာချုပ်ကို စာချုပ်ချုပ်ဆိုသည့်နေ့မှ ရက်ပေါင်း(၁၂၀)အတွင်း သက်ဆိုင်ရာ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။


# လယ်ယာမြေ လုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်း ကိစ္စရပ်များ

## လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ


- ❖ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်း ဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံ တင်ရမည်။ (ပုဒ်မ -၁၂ (ဃ))

- ❖ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် အမွေဆက်ခံခွင့်ရှိကြောင်း အထောက်အထားနှင့် အတူ (ပုံစံ ၇) မူရင်း ပူးတွဲ၍ လျှောက်လွှာ (ပုံစံ ၉) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။ (နည်းဥပဒေ အပိုဒ် -၂၉)

# လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲခြင်း



# လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲခြင်း လုပ်ငန်းစဉ်



# စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လယ်ယာမြေ အဖြစ် ပြောင်းလဲခွင့်ကိစ္စရပ်များ

## လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ


❖ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီက စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်စပ်လျဉ်း၍ သီးနှံ စိုက်ပျိုး ထုတ်လုပ်မှု တည်ငြိမ်သည့်အခါ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်ပြီး ဤဥပဒေတွင် အကျုံးဝင်စေရမည်။ (ပုဒ်မ- ၃၄)

❖ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေး လုပ်ငန်း အထောက်အကူပြုအဖွဲ့တို့မှ လုပ်ပိုင်ခွင့်ရရှိထားသူသည် ဖော်ထုတ် စိုက်ပျိုး လုပ်ကိုင်မှု တည်ငြိမ်လာသည့်အခါ -

➢ ခါတ်ပုံမှတ်တမ်းနှင့်အထောက်အထားများပူးတွဲ၍ လျှောက်လွှာ (ပုံစံ ၁၀) ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားနိုင်၊ (နည်းဥပဒေအပိုဒ် ၃၅၊ ၄၁)


➢ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲရေးလုပ်ငန်း အထောက် အကူပြုအဖွဲ့၏ စိစစ် ထောက်ခံချက် ပူးတွဲ၊ (နည်းဥပဒေ အပိုဒ် ၃၆၊ ၄၂)

# စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအတွက် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လယ်ယာမြေ အဖြစ် ပြောင်းလဲခြင်း လုပ်ငန်းစဉ်




**နည်းဥပဒေ အပိုဒ် - ၃၅ , ၃၆ , ၃၇ , ၃၈ , ၃၉ , ၄၀ တို့အရ**

# လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်း



# လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်း

| | |
|---|---|
| ပုဒ်မ ၂၉။ | နိုင်ငံတော်၏ ရေရှည်အမျိုးသား အကျိုးစီးပွား အလို့ငှာ စီမံကိန်း လုပ်ငန်းကြီးများအတွက် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန် သက်ဆိုင်ရာစီမံကိန်းအကောင်အထည်ဖော်မည့်ဝန်ကြီးဌာနသည် ဗဟိုလယ်ယာ မြေ စီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက် နိုင်သည်။ |
| ပုဒ်မ ၃၀ (က) | ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေး အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ |
| (ခ) | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်သည်။ |
| နည်းဥပဒေ ၈၂ | လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ရရှိလိုသူသည် နည်းဥပဒေ ၇၉၊ ၈၀ နှင့် ၈၁ တို့တွင် ဖော်ပြထားသော ကိစ္စရပ်များ အပါအဝင် လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုလိုပါက လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်လွှာ (ပုံစံ ၁၄) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်။ |

# လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့် လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ

(၁) လျှောက်ထားသူ၏ မှတ်ပုံတင် မိတ္တူ

(၂) လျှောက်ထားသူ၏ ဝန်ခံချက်

(၃) လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) သို့မဟုတ် ပိုင်ဆိုင်ကြောင်း အထောက်အထား စာရွက်စာတမ်း၊ မိတ္တူများ သို့မဟုတ် လျော်ကြေးပေးလျော်ပြီးသည့် အထောက်အထား

(၄) လျှောက်ထားမြေနေရာ ဖော်ပြပါရှိသော Google မြေပုံ

(၅) လျှောက်ထားသည့်မြေပေါ်တွင် ဆောက်လုပ်ပြီး (သို့မဟုတ်) ဆောက်လုပ်မည့် အဆောက်အဦများ တည်နေရာ ဖော်ပြသည့် မြေပုံ Layout Planပုံ၊

(၆) လျှောက်ထားမြေတွင် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်

(၇) လျှောက်ထားမြေ၏ ဓါတ်ပုံမှတ်တမ်း

(၈) လျှောက်ထားမြေ၏ ပတ်ဝန်းကျင်နေထိုင်သူများ၏ ထောက်ခံချက်

(၉) ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့၏ ထောက်ခံချက်

(၁၀) သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ ခွင့်ပြုချက်ရှိပြီး ရန်ပုံငွေ ရရှိနိုင်မှု အခြေအနေ (လယ်ယာမြေ နည်းဥပဒေ ၈၀)

# လယ်ယာမြေကို ဥပဒေပုဒ်မ ၂၉၊ ၃၀(က)၊ (ခ)အရ
# အခြားနည်းအသုံးပြုခွင့်လျှောက်ထားသည့်လုပ်ငန်းစဉ်အဆင့်ဆင့်

ပုံစံ(၁၄)ဖြင့်လျှောက်ထားခြင်း

မြို့နယ်ဦးစီးဌာန

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့

ခရိုင်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့

နေပြည်တော်/ တိုင်းဒေသကြီး ပြည်နယ်လယ်ယာ မြေ စီမံခန့်ခွဲမှုအဖွဲ့

(၁၅) ရက်အတွင်း

ရက်ပေါင်း(၃၀)အတွင်း - လုပ်ငန်းစာတွဲ ဖွင့်လှစ်ခြင်း
- စိစစ်ဆောင်ရွက်ခြင်း

(၃၀)ရက်

လယ်မြေ ပုဒ်မ ၃၀(က) (လယ်မြေ ဖြစ်ပါက)

ဗဟို လယ်ယာမြေစီမံခန့်ခွဲ မှုအဖွဲ့

ပုံစံ(၁၅)ဖြင့် ခွင့်ပြု

ငြင်းပယ်ခြင်း

(၃၀)ရက်

လယ်မြေမှ တပါး ပုဒ်မ ၃၀(ခ) (ယာမြေ၊ ကိုင်းကျွန်း မြေ၊ ဥယျာဉ်မြေ၊ ဓနိမြေ၊ နှစ်ရှည်ပင် စိုက်ပျိုး သောမြေ၊ ရာဘာမြေ)

နေပြည်တော်/တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့

ပုံစံ(၁၅-က)ဖြင့် ခွင့်ပြု

ငြင်းပယ်ခြင်း

(LR 105၊ အခြားနည်း ခွင့်ပြုချက်)

မြေလွှဲ၊ ဂရန်လျှောက်ထားခြင်း


ပြည်ထဲရေး၊ ထွေ/အုပ်

- ❖ လယ်ယာမြေ အခြားနည်း အသုံးပြုခွင့် ရရှိပြီးပါက ပြည်ထောင်စုအစိုးရ အဖွဲ့ ရုံး၏ (၂၅.၁၂.၂၀၁၄) ရက်စွဲပါ စာအမှတ်၊ ၃၄၇၆/၃၅၆-မြေ ၂-၁/အဖရ(၂၀၁၄) ဖြင့် ညွှန်ကြားချက် အရ အစိုးရဌာန၊ အဖွဲ့ အစည်းများအတွက် မြေလွှဲခြင်းနှင့် စက်မှု နှင့် စီးပွားရေး လုပ်ငန်းများအတွက် မြေငှားဂရန် လျှောက်ထားခြင်းများကို ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။
- ❖ လူပုဂ္ဂိုလ်များအနေဖြင့် မြေငှားဂရန် လျှောက်ထားခြင်းများကို ဆက်လက် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဥပဒေ ပုဒ်မ - ၃၀

နည်းဥပဒေ အပိုဒ် -
၇၈ , ၇၉ , ၈၀ , ၈၁ , ၈၂ , ၈၃ , ၈၄ , ၈၅ ,
၈၆ , ၈၇ , ၈၈ တို့အရ

# လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းခြင်းနှင့်အယူခံခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်



# လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု ဖြေရှင်းခြင်းနှင့်အယူခံခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်

ဥပဒေ ပုဒ်မ - ၂၂ , ၂၃ , ၂၄ , ၂၅
နည်းဥပဒေ အပိုဒ် - ၅၉ ,၆၀ ,
တို့အရ

**ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်း

↑ ရက်ပေါင်း(၃၀)အတွင်း အယူခံနိုင်

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → ရပ်/ကျေး လယ်/စီ၏ အမိန့်(သို့)ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့)ပယ်ဖျက်ခြင်း

↑ ရက်ပေါင်း(၃၀)အတွင်း အယူခံနိုင်

**ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → မြို့နယ် လယ်/စီ၏ အမိန့်(သို့)ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့)ပယ်ဖျက်ခြင်း


↑ ရက်ပေါင်း(၆၀)အတွင်း အယူခံနိုင်

**တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့** → ခရိုင် လယ်/စီ၏ အမိန့်(သို့)ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း(သို့)ပယ်ဖျက်ခြင်း

↑ တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်

-လယ်/စီအဖွဲ့အဆင့်ဆင့်၏ အမိန့်(သို့)ဆုံးဖြတ်ချက်အပေါ် မကျေနပ်သူက အယူခံလွှာ တင်သွင်းရာတွင် လယ်ယာမြေ အငြင်းပွားမှုကို ဆုံးဖြတ်သည့် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော အမိန့်(သို့) ဆုံးဖြတ်ချက်မိတ္တူနှင့် အားကိုးအားထားပြုသည့် သက်သေခံ စာရွက်စာတမ်းများနှင့် အခြားအထောက်အထားများ ပူးတွဲတင်ပြရမည်။

# လယ်ယာမြေကို သိမ်းယူခြင်းအတွက် နစ်နာကြေးနှင့်လျော်ကြေးများ ပေးချေခြင်း



# လယ်ယာမြေကို သိမ်းယူခြင်းအတွက် နစ်နာကြေးနှင့်လျော်ကြေးများ ပေးချေခြင်း

**နစ်နာကြေးလျော်ကြေး** → မြို့နယ် လယ်ယာ မြေစီမံ ခန့်ခွဲမှု အဖွဲ့ → နေပြည်တော်ကောင်စီ တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ → ဗဟို လယ်ယာ မြေ စီမံခန့်ခွဲမှု အဖွဲ့

ဥပဒေ ပုဒ်မ - ၂၆

နည်းဥပဒေ အပိုဒ် - ၆၄ , ၆၆ , ၆၇ , ၆၈ တို့အရ

## နစ်နာကြေး

### သီးနှံ

- သီးနှံနှင့်ရာသီသီးနှံ တစ်ကြေ ပျမ်းမျှ အထွက်နှုန်း အခြေခံ၍ ကာလပေါက်စျေးဖြင့် တန်ဖိုး သုံးဆ
- နှစ်ရှည်ပင်လက်ရှိ အပင်တန်ဖိုး အခြေခံလျက်ကာလပေါက်စျေး ၏ သုံးဆ

### အဆောက်အအုံ

အဆောက်အအုံ ဖြင့် တိုးတက် ကောင်းမွန်စေရန် ပြုပြင်ခြင်း အပါအဝင် ဆောင်ရွက်ချက်များ အတွက် ဒေသပေါက်စျေးနှစ်ဆ

## လျော်ကြေး

### မြေ

- ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းမှု မရှိသော ကိစ္စရပ်များတွက်ဖြစ်လျှင် ဒေသ ပေါက်စျေး
- ငွေကြေးအကျိုးအမြတ် ဖြစ်ထွန်းမှု ရှိသော စီးပွားရေးလုပ်ငန်းများ အတွက်ဖြစ်လျှင် ကာလ ပေါက်စျေးအောက် မနိမ့်သော ငွေကြေး ပမာဏ

# လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းမှု

# လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ဖွဲ့စည်းမှု

❖ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၅ (က))

| | | |
|---|---|---|
| **ဥက္ကဋ္ဌ** | - | **ပြည်ထောင်စုဝန်ကြီး** |
| ဒုဥက္ကဋ္ဌ | - | ဒုတိယဝန်ကြီးများ |
| အတွင်းရေးမှူး | - | ညွှန်ကြားရေးမှူးချုပ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

❖ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၆ (က))

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ |
| အတွင်းရေးမှူး | - | တိုင်းဒေသကြီး/ပြည်နယ် ဦးစီးဌာနမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

❖ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၆ (က))

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ |
| အတွင်းရေးမှူး | - | ခရိုင် ဦးစီးဌာနမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

❖ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၆ (က))

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ |
| အတွင်းရေးမှူး | - | မြို့နယ် ဦးစီးဌာနမှူး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

❖ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ (လယ်ယာမြေ ဥပဒေ ပုဒ်မ ၁၆ (က))

| | | |
|---|---|---|
| ဥက္ကဋ္ဌ | - | ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး |
| အတွင်းရေးမှူး | - | ရပ်ကွက်/ ကျေးရွာအုပ်စု မြေတိုင်းစာရေး၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |

မြေစာရင်းပုံစံ - ၁၀၅

မှန်ကန်ကြောင်း သက်သေခံ / သက်သေမခံ သောလက်ရှိမြေပုံတွင် ယခုနှစ်အသုံးပြုသော ဦးပိုင်မြေပုံ လက်ခံရေးကူးရန်ပုံစံ

DALMS

ရုံးခွန်တံဆိပ်ခေါင်းကပ်ရန်

| | |
|---|---|
| တိုင်းဒေသကြီး / ပြည်နယ် | |
| ခရိုင် | |
| မြို့နယ် / မြို့နယ်ခွဲ | |
| ရပ်ကွက် / ကျေးရွာအုပ်စု | |
| ကွင်း / အကွက်အမှတ်နှင့်အမည် | |
| ဦးပိုင်အမှတ် / မြေကွက်အမှတ် | |

| ဦးပိုင် အမှတ် | အခွန်စည်းကြပ်ခံရသူ / ပိုင်ရှင် / ဂရန်ရှင် / အငှားဂရန်ရှင် အမည် | ပိုင်ဆိုင်ခွင့် | မြေမျိုးနှင့် အတန်း | ဧရိယာ (ဧက) | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

| | |
|---|---|
| ရေးကူးပေးသည့်အကြောင်းအရာ | |

(အထက်ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

လျှောက်ထားသူအမည် -

လျှောက်လွှာတင်သည့်နေ့စွဲ -

လျှောက်ထားသူသို့ ထုတ်ပေးသည့်နေ့စွဲ -

ယခုအထက်တွင် ပြဆိုသောမြေပုံမှာ မှန်ကန်သေချာစွာ ရေးကူးထားသော (           )ခုနှစ် အတွက် နောက်ဆက်တွဲတိုင်းတာခြင်း မြေပုံဖြစ်ကြောင်း သက်သေခံလက်မှတ် ရေးထိုးပါသည်။

အမှုတွဲထိန်း / မြေတိုင်းစာရေးလက်မှတ် -

နေ့စွဲ -

ရုံးတံဆိပ်

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူး လက်မှတ် -

နေ့စွဲ -

စိစစ်အတည်ပြုပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးလက်မှတ် နေ့စွဲ

## ဦးပိုင်တစ်ခု၏ ရာဇဝင်

မြေစာရင်းပုံစံ - ၁၀၆

ခရိုင် ---------------------- မြို့နယ် ---------------------- မြေတိုင်းစာရင်းအုပ်စု ---------------------- ကွင်း/အကွက်အမှတ် နှင့် အမည် ----------------------

| ခုနှစ် | ဦးပိုင် | အခွန်စည်းကြပ်ခံရသူ/ ပိုင်ရှင်အမည်/ ဂရန်ရှင် အငှားဂရန်ရှင် | ပိုင်ဆိုင်ခွင့် | မြေမျိုးနှင့် အတန်း | ဧရိယာ (ဧက) | အခွန်တော်သင့်ငွေ (ခိုင်ကြေးအပါအဝင်) (ကျပ်) | မည်ကဲ့သို့လွှဲပြောင်းသည့်ညွှန်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |

လျှောက်ထားသူအမည် -

လျှောက်လွှာတင်သည့်နေ့စွဲ -

လျှောက်သူသို့လက်ခံပေးသည့်နေ့စွဲ -

ရေးကူးပေးသည့်အကြောင်းအရာ -

(ဖော်ပြပါအကြောင်းအရာအတွက်သာ အသုံးပြုခွင့်ရှိသည်။)

ယခုအထက်တွင် ရေးကူးဖော်ပြသော အကြောင်းအရာတို့မှာ ခုနှစ်တွက် နှစ်စဉ် နောက်ဆက်တွဲတိုင်းတာခြင်းမြေပုံနှင့် မှတ်ပုံစာရင်းများတွင် ပါရှိသည့်အတိုင်း အမှန်လက်ခံရေးကူးကြောင်း သက်သေခံပါသည်။

အမှုတွဲထိန်း/ မြေတိုင်းစာရေးလက်မှတ် -

နေ့စွဲ -

တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါသည်။

လက်ထောက်ဦးစီးမှူးလက်မှတ် -

နေ့စွဲ -

E/H/UHLaWai/UKoSan/(106) Form Lgland 1

# ကျေးဇူးတင်ပါတယ် ။

ဦးပံသုကျော်
ဒုတိယညွှန်ကြားရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန